# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 6, 2019 Volume 20, Number 4

၆.၆.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၅၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၂/ကျပ် |
| CBM Rate | = ၁၅၂၅.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၄.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၆၅၆ ကျပ် |

## အီးယူနှင့်မြန်မာအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ဟန်ဂေရီကူညီမည်

ဥရောပသမဂ္ဂ (အီးယူ)နှင့် မြန်မာ အကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ကူညီထောက်ပံ့မည် ဖြစ်ကြောင်း ဟန်ဂေရီဝန်ကြီးချုပ် အော်ရဘန်းက



ဒေါ်အောင်ဆန်းစုကြည် နှင့် ယမန်နေ့က ဘူဒါပတ်စ်မြို့၌ တွေ့ဆုံစဉ် ပြောကြားသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၅ ရက်တွင် ဟန်ဂေရီ ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီး တရားမဝင်ရွှေ့ပြောင်းဒုက္ခသည်များအကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများကို ဆွေးနွေးခဲ့ကြောင်း Hungary Today သတင်းဌာနက ဖော်ပြသည်။

သို့သော် ဟန်ဂေရီသည် ပြည်တွင်းရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုကဲ့သို့ ဆက်စပ်မှုမရှိသည့် အကြောင်းအရာများကို ရောထွေးရန် ကြိုးစားသည့် အခြားသော အနောက်နိုင်ငံများ၊ ဘရပ်ဆဲလ်(အီးယူ)၏ ချဉ်းကပ်မှုပုံစံနှင့် ဒီမိုကရေစီတင်ပို့မှုကို ပူးပေါင်းမည်မဟုတ်ကြောင်း ဝန်ကြီးချုပ်အော်ရဘန်းက ပြောသည်။ မြန်မာ-ဟန်ဂေရီ ခေါင်းဆောင်နှစ်ဦးတွေ့ဆုံမှုတွင် ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများ အထူးအလေးပေးဆွေးနွေးခဲ့သော်လည်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် မဖော်ထုတ်ရသေးသည့် အခွင့်အလမ်းများရှိနေကြောင်း ထည့်သွင်းဆွေးနွေးသည်။ကုန်သွယ်ရေးဆိုင်ရာဝန်ကြီးများကလည်းၕင်းတို့၏သက်ဆိုင်ရာကဏ္ဍကို တိုးမြှင့်ပူးပေါင်းမည်ဖြစ်ကြောင်းဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ခွင့်နှင့်ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ဒေါ်အောင်ဆန်းစုကြည်၏ စွန့်လွှတ်အနစ်နာခံမှုကို ဟန်ဂေရီလူမျိုးများက လေးစားကြောင်း ဝန်ကြီးချုပ်အော်ရဘန်းက သတင်းစကားပါးသည်။

ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဟန်ဂေရီ နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံခဲ့သည်။ ဟန်ဂေရီ နိုင်ငံခြားရေးဝန်ကြီး ပီတာဇစ်ဂျာတိုကလည်း ဒေါ်အောင်ဆန်းစုကြည်၏ အနစ်နာခံမှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဦးစား ပေးသည့်အတွက် လေးနက်စွာချီးကျူးစကားဆိုခဲ့သည်။

**Source:** http://www.7daydaily.com/story/157893

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## တရုတ်၏ ဆန်တင်သွင်းခွင့် တားဆီးမှုကြောင့် ငါးလအတွင်း ဆန်ကြမ်းဈေး ၁၅ ရာခိုင်နှုန်းခန့် ကျဆင်း

ယူနန်အစိုးရက နယ်စပ်မှဆန်တင်သွင်းခွင့်တားဆီးထားခြင်းကြောင့် ၂၀၁၉ ငါးလအတွင်း မြန်မာနိုင်ငံ၏ ဆန်ကြမ်းဈေးနှုန်း ၁၅ ရာခိုင်နှုန်းခန့် ဈေးကျဆင်း ခဲ့သည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်သော ၂၀၁၉ ဇန်နဝါရီမှ မေလအထိ ပြည်တွင်း ဆန်ဈေးနှုန်းများတွင် ပြည်ပတင်ပို့သည့် ဆန်ကြမ်းဈေးနှုန်း ကျဆင်းပြီး ပြည်တွင်းစားသုံးသည့် ပေါ်ဆန်းကဲ့သို့ ဆန်ချောဈေးနှုန်း ၁၈ ရာခိုင်နှုန်းအထိ မြင့်တက်သည်။ ပြည်ပသို့တင်ပို့နေသည့် ဆန်ကြမ်းဈေးနှုန်းသည် ဇန်နဝါရီက တစ်အိတ်လျှင် ကျပ် ၁၉,၃၀၀ ဈေးရှိသော်လည်း မေလတွင် ကျပ် ၁၇,၃၀၀ သို့ ကျဆင်းသည်။ သို့သော် ပြည်တွင်းစားသုံးသည့် ရွှေဘိုပေါ်ဆန်းကဲ့သို့ ဆန်ချောဈေးနှုန်းသည် ဇန်နဝါရီတွင် တစ်အိတ်လျှင် ကျပ် ၄၈,၀၀၀ မှ မေလ အတွင်း ကျပ် ၅၅,၀၀၀ သို့ မြင့်တက်လာသည်။

ဆန်ကြမ်းဈေးကျဆင်းရခြင်း အဓိကအကြောင်းရင်းသည် တရုတ်နယ်စပ်မှ ဆန်ရောင်းချနိုင်မှုမရှိခြင်းကြောင့်ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။ ပို့နိုင်တဲ့ပမာဏတစ်ဝက်လောက် လျော့သွားတော့ ရောင်းလိုအားများပြီး ဈေးကျတဲ့သဘောပါဟု ဦးသန်းဦးက ရှင်းပြသည်။ တရုတ် နိုင်ငံသို့ ယခင်နှစ်များကဲ့သို့ ဆန်တင်ပို့နိုင်ခြင်းမရှိသဖြင့် ပြည်တွင်း၌ ၂၀၁၉ တွင် ဆန်ကြမ်းလက်ကျန် တန်ချိန်သုံးသန်းကျော်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။ လက်ရှိနိုင်ငံတကာ ဆန်ဈေးကွက်တွင် မြန်မာဆန်က ဈေးကျဆင်းနေပြီး ယခင်တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀ ခန့်ရသော ဆန်ကြမ်းအမျိုးအစားများက တစ်တန်လျှင် ဒေါ်လာ ၂၆၀ ခန့်သို့ ကျဆင်းကြောင်း ဦးသန်းဦးကဆိုသည်။

**Source:** http://www.7daydaily.com/story/157876

## တစ်နှစ်ခွဲနီးပါးအတွင်း ကျွဲ၊ နွားကောင်ရေ ငါးသိန်းခန့် ပြည်ပသို့တရားဝင်တင်ပို့



နိုင်ငံအတွင်းရှိ ကျွဲ၊ နွားများ တရားဝင် ပြည်ပတင်ပို့ရောင်းချခွင့်ပြုခဲ့သည့် ၂၀၁၇ နှစ်ကုန်ပိုင်းမှ ယခုနှစ် ဧပြီလကုန်အထိ တစ်နှစ်ခွဲခန့်အတွင်း ကျွဲ နွားကောင်ရေ ငါးသိန်းခန့် တင်ပို့ခဲ့ကြောင်း၊ မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ချမှတ်ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်ကပြောသည်။ ပဲခူးတိုင်းဒေသကြီး မင်းလှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးက ခိုင်းနွား၊ နို့စားနွား၊ အသားစားနွားများ မွေးမြူမှုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ထားမှုကိုသိလိုကြောင်း မေးမြန်းရာ ဒုဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခြင်းဖြစ်သည်။ တစ်ဖက်မှာလည်း ခိုင်းနွား၊ နို့စားနွားနဲ့ အသားစားနွားမွေးမြူရေးဇုန် ၂၀ ဇုန်တည်ဆောက်မှုနဲ့လည်း မွေးမြူ၊ ထုတ်လုပ်၊ ပြန်လည်ဖြည့်ဆည်းမှုများ ဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ဟု ဦးလှကျော်ကပြောသည်။

ပြည်တွင်း ကျွဲ၊ နွားများ မပြုန်းတီးစေရေး ငါးနှစ်စီမံကိန်းဖြင့် သဘာဝသားစပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ တိရစ္ဆာန်အစာနှင့်စားကျက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု ၎င်းကဆိုသည်။ အရွယ်ရောက်ကျွဲ၊ နွားအမများကို ပုံမှန်သားတင်သားစပ်ပေးနိုင်ရေးဆောင်ရွက်နေရာ လက်ရှိတွင် သားတင်သားစပ်နိုင်သည့် နွားမကောင်ရေ ၁၄ သန်းခန့်ရှိကာ ၉၅ ရာခိုင်နှုန်းသည် မျိုးနွားသိုးများဖြင့် သဘာဝသားတင်သားစပ်ပြီး၊ ကျန် ၅ ရာခိုင်နှုန်းကို မေထုန်မဲ့သားစပ်လျက်ရှိရာ တစ်လပျမ်းမျှနွားကောင်ရေ ခုနစ်ထောင်ခန့် မေထုန်မဲ့ သားစပ်နိုင်ခဲ့ကြောင်း၊ လာမည့် ဘဏ္ဍာနှစ် တွင် မေထုန်မဲ့သားစပ်မှု တိုးမြှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုဝန်ကြီးကပြောသည်။ ကောက်ယူရရှိထားသော စာရင်း များအရ မြန်မာနိုင်ငံတွင် ကျွဲ၊ နွားကောင်ရေ ၁၁ ဒသမ ၅ သန်းရှိကြောင်း၊ လက်ရှိ ကျွဲ၊ နွားကောင်ရေ ၁၁ သန်း ကျော် အနက် တိုးမြင့်လာမည့် မွေးဖွားလာမှု အားကိုတွက်ချက်ရာ နှစ်စဉ်ဈေးကွက်ရောက်ရှိမည့် ကောင်ရေတစ်သန်းကျော် ရှိကြောင်း၊ ပြည်တွင်းစားသုံးမှု သုံးသိန်းကျော်ကိုနုတ်ပါက ကောင်ရေခုနစ်သိန်းကျော်ပိုလျှံကြောင်း ဝန်ကြီးဌာနက ပြောသည်။

ကျွဲ၊ နွားများတရားဝင် တင်ပို့ခွင့်ပြုရာတွင် အသက်ငါးနှစ်အထက် ကျွဲ၊ နွားများသာ တင်ပို့ခွင့်ပြုထားပြီး နွားထီးဖြစ်ပါက သင်းကွပ်ပြီးသည့် နွားထီးများကိုသာတင်ပို့ရန် သတ်မှတ်ထားသည်။ ပြည်ပနိုင်ငံများသို့ ကျွဲ၊ နွား တင်ပို့ခွင့် တရားဝင် ခွင့်ပြုခဲ့သော်လည်း မှောင်ခိုဈေးကွက်မှ တရားမဝင် တင်ပို့ရောင်းချမှုများရှိနေသေးကြောင်း လွှတ်တော် ကိုယ်စားလှယ်

များက ထောက်ပြသည်။ တောင်သူများဈေးကောင်းရရှိစေသည့် ကွဲ၊ နှံများ တရားဝင်တင်ပို့ခွင့်ကို ကန့်သတ် ထားမြစ်ခြင်းမပြုဘဲ တရားမဝင်တင်ပို့ရောင်းချနေသည့် ဈေးကွက်ပပျောက်ရေးဆောင်ရွက်ရန် အရေးကြီးကြောင်း အမတ်များက ဆွေးနွေးသည်။

**Source:** www.7daydaily.com/story/157874

## သွင်းကုန်ပမာဏမြင့်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်း လွှတ်တော်တင်သွင်း

ပြည်တွင်းလုပ်ငန်းငယ်များ နစ်နာမှုမရှိစေရေး ရည်ရွယ်ရေးဆွဲထားသည့် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို စီးပွားရေးနှင့်ကူးသန်းရောင်းရေးဝန်ကြီးဌာနက အမျိုးသားလွှတ်တော်သို့တင်သွင်းသည်။ လုပ်ငန်းငယ်များ နစ်နာမှုမရှိစေရေးအတွက် ဥပဒေကြမ်းကို အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးအောင်ထူးက ဖွန်လ ၅ ရက် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တင်သွင်းခဲ့သည်။

ပြည်ပမှ တင်သွင်းလာသော သွင်းကုန်များ အဆမတန် များပြားလာသဖြင့် နိုင်ငံအတွင်းရှိ ပြည်တွင်းလုပ်ငန်းများ ဆိုးရွားစွာ ထိခိုက်နစ်နာမှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ထိုထိခိုက်မှုများကိုလျော့ပါးစေရန် ဥပဒေကြမ်းတင်သွင်းရခြင်း ဖြစ်ကြောင်း ဦးအောင်ထူးကပြောသည်။ တချို့လုပ်ငန်းလေးတွေက ပျောက်ကွယ်သွားတယ်။ ဘာလို့လဲဆိုတော့ မပြိုင်ဆိုင်နိုင်တဲ့အတွက်။ အဲဒီတော့ သူတို့ကို ပြိုင်ဆိုင်နိုင်ဖို့အတွက် အချိန်အတိုင်းအတာ တစ်ခုအထိတော့ပေးဖို့ လိုအပ်တာပေါ့။ အဲဒီလိုပေးဖို့ လိုအပ်တဲ့အတွက်ကြောင့် ဒီ Safeguard Law ကို ပြဋ္ဌာန်းပေးတာဖြစ်ပါတယ်ဟု ၎င်းကဆိုသည်။ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းတွင် သွင်းကုန်အား ကိုတာကန့်သတ်၍သော်လည်းကောင်း၊ အခွန်စည်းကြပ် ကောက်ခံ၍သော်လည်းကောင်း ကန့်သတ်ထားကြောင်း ဦးအောင်ထူးက ရှင်းပြသည်။ အဆိုပါ ဥပဒေကို အချိန်ကာလတစ်ခု အနေဖြင့်သာ ပြဋ္ဌာန်းပေး၍ရပြီး များသောအားဖြင့် အချိန်သုံးနှစ်ခန့်ပြဋ္ဌာန်းကာ ပြည်တွင်းလုပ်ငန်းငယ်များကို အကာအကွယ်ပေးရမည်ဖြစ်ကြောင်း ဦးအောင်ထူးက ဆက်လက်ပြောသည်။ ထိုသို့ ကန့်သတ်ရာတွင်လည်း တစ်ဆင့်ချင်းစီ ပြန်လည်ဖြေလျှော့ပေးကြောင်းဆိုသည်။ ပြည်ပမှသွင်းကုန်များကို ထိုသို့ကန့်သတ်နိုင်ရန် အခြေခံဖြစ်သော ဥပဒေတစ်ရပ်လိုအပ်နေ၍ ယခုဥပဒေကြမ်း ရေးဆွဲခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ ထိုဥပဒေကြမ်း အတည်ဖြစ်လာပါက ပြည်တွင်း လုပ်ငန်းငယ်များအတွက် များစွာအကျိုးရှိမည်ဟုဆိုသည်။

ပြည်တွင်းအသေးစား၊ အငယ်စားနဲ့ အလတ်စားလုပ်ငန်းတွေရဲ့ ထိခိုက်နစ်နာမှုကို ကာကွယ်ကုစားပေးနိုင်မှာဖြစ်ပါတယ်ဟု ဦးအောင်ထူးက ပြောသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မယ်ဆိုရင် ဒီလိုမျိုးတားလို့မရဘူးထင်တယ်။ အခွန်ကလည်းမကောက်ဘူးဆိုတော့ အခွန်နဲ့လည်း တားလို့မရလောက်ဘူး။ ဒါပေမဲ့လည်း အမျိုးသားအကျိုးစီးပွားအတွက်ဆိုပြီး တားနိုင်တာများရှိမလား။ ဥပမာတချို့နိုင်ငံက သူတို့နိုင်ငံသား အကျိုးစီးပွားအတွက် ကာကွယ်ပေးတာမျိုးပေါ့ဟု သွင်းကုန်လုပ်ငန်းရှင် ဦးမျိုးအောင်ညွန့်ကပြောသည်။ ပြည်ပသွင်းကုန်များကြောင့် ထိခိုက်နစ်နာမှုရှိသည်ဆိုကာ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းများက တောင်းဆိုလာသဖြင့် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ရေးဆွဲခြင်းဖြစ်ကာ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၏ အကြံပြုချက်များရယူခဲ့သည်ဟုဆိုသည်။

ထိုဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖိတ်ခေါ်ထားသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးအတည်ပြုမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။ ဥပဒေကြမ်းအပေါ် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်၌ ဆက်လက်ဆွေးနွေးအတည်ပြုချက်ရယူရမည်ဖြစ်သည်။

**Source:** http://www.7daydaily.com/story/157873



## တီထွင်ဖန်တီးမှုတွေနဲ့ ထိုးဖောက်နေရတဲ့ အော်ဂဲနစ်ဈေးကွက်

အော်ဂဲနစ်ထွက်ကုန်တွေကို ရောင်းချသူတွေ အနေနဲ့ လက်ရှိမှာ ဈေးကွက်ကျယ်ပြန့်မှု အားနည်းတာကြောင့် အဆင်မပြေမှုတွေ တွေ့ကြုံရတယ်လို့သိရပါတယ်။ အော်ဂဲနစ်ထွက်ကုန်တွေက သာမန်ထွက်ကုန်တွေနဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်းကြီးမြင့်တာကို တွေ့ရပါတယ်။ အဲသည်လို ဈေးနှုန်းကြီးမြင့်မှုကလည်း စိုက်ပျိုးထုတ်လုပ်ရာမှာ ကုန်ကျစရိတ် ကြီးမြင့်မှုနဲ့ ထွက်နှုန်းနည်းမှုတို့ကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

အော်ဂဲနစ်ထွက်ကုန်တွေကို ရောင်းချတဲ့နေရာက လက်ရှိမှာ ကန်တော်ကြီး မျှော်စင်ကျွန်းမှာ စနေ၊ တနင်္ဂနွေနေ့တွေမှာသာ ဖွင့်လှစ်တဲ့ Farmers Market တစ်ခုသာရှိတယ်လို့သိရပါတယ်။ ဒီထုတ်ကုန်တွေကို လူတိုင်းလက်လှမ်းမီတဲ့ အခြေအနေမှာ မရှိသေးဘူး၊ ဒီထုတ်ကုန်တွေကို စားသုံးဖို့ဆိုတာကလဲ တကူးတကသွားဝယ်ရတာကြောင့်လဲ ပါတယ်၊ တခြားထွက်ကုန်တွေနဲ့ ယှဉ်ရင် ဈေးကြီးတာလဲပါတယ်လို့ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူ ကိုမင်းမင်းက ပြောပါတယ်။ အော်ဂဲနစ် ထွက်ကုန်တွေအပေါ်မှာ အရင်နှစ်တွေကနဲ့ယှဉ်ရင် စိတ်ဝင်စားမှုများလာပြီး ဝယ်ယူသူတွေရှိလာတယ်လို့ အော်ဂဲနစ်ရောင်းချသူတချို့က ပြောပါတယ်။

အော်ဂဲနစ်ထွက်ကုန် ရောင်းချသူတွေအနေနဲ့လည်း ဈေးကွက်ထိုးဖောက်တဲ့အခါမှာ အွန်လိုင်းကနေ ရောင်းချတာရှိသလို ကားနဲ့လှည့်လည် ရောင်းချတာမျိုးတွေလည်းရှိပါတယ်။ လက်ရှိမှာ အော်ဂဲနစ်လို့ပြောပေမဲ့ ဓာတုဆေးဝါးအသုံးပြု စိုက်ပျိုးထားတဲ့ သီးနှံတွေကလည်း ဈေးကွက်အတွင်းမှာ ရောနှောနေတာကြောင့် အော်ဂဲနစ် စိုက်ပျိုးရောင်းချသူတွေအတွက် အခက်တွေ့ရတယ်လို့ သိရပါတယ်။ လက်ရှိမှာက အော်ဂဲနစ်လား၊ သဘာဝလားဆိုတာ လူတွေကမကွဲဘူး၊ တချို့ကျတော့လဲ သဘာဝအတိုင်းသီးတဲ့ အသီးအနှံတွေကို အော်ဂဲနစ်လို့ပြောတာ၊ အမှန်တော့ အော်ဂဲနစ်လို့ ပြောရင် သူ့ရဲ့စိုက်ပျိုးမှုနည်းစနစ်တွေ၊ အသုံးပြုတဲ့အားဆေးတွေ၊ မြေဆီလွှာတွေကအစ အဲဒီစိုက်ခင်း ဒါမှမဟုတ် ရောင်းချတဲ့ဆိုင်ရဲ့ ဝန်ထမ်းတွေနဲ့ ထွက်ရှိလာတဲ့ အမှိုက်ကအစ ဘယ်လိုစီမံခန့်ခွဲသလဲဆိုတာတွေပေါ်မှာလဲ ပါဝင်တော့ အော်ဂဲနစ်ဆိုတာ အရမ်းကျယ်ပြန့်ပါတယ်၊ အရင်ဆုံးဓာတုကင်းလွတ်သီးနှံဖြစ်ဖို့ အရင်ဆုံးလုပ်ရမယ်လို့မြင်တယ်လို့ ကိုမင်းမင်းက ပြောပါတယ်။ အော်ဂဲနစ်သီးနှံတွေကို ရောင်းချမှုအပိုင်းမှာလည်း ပုံစံတွေပြောင်းလဲလာကြပြီး ပက်ကေ့ချ်လိုက် ရောင်းချမှုတွေလည်း ရှိလာပါတယ်။ အော်ဂဲနစ်အသီးအနှံ ဆိုင်ဖွင့်လှစ်ရောင်းချနေတဲ့ မကြေးမုံလွင်က စပယ်ရှယ်ဒေးတွေလိုမျိုးမှာ လက်ဆောင်ပစ္စည်းအနေနဲ့ခြင်းတွေအဖြစ် ဖန်တီးပြီးရောင်းတယ်၊ နောက်တစ်ခုက အစ်မဆီက ဝယ်တဲ့ပစ္စည်းတိုင်းကို ရောင်းပေးရုံတင်မဟုတ်ဘဲ တခြားခံစားမှုတစ်ခုခုပါအောင် ဖန်တီးပြီးရောင်းတယ်၊ အခုဆိုရင် မိသားစုလိုက်စားလို့ရမယ့်ခြင်းမျိုးတွေ ဖန်တီးပြီး ရောင်းပေးတယ်၊တစ်ခေါက်နဲ့ တစ်ခေါက်မတူတဲ့အသီးအနှံမျိုးထည့်ပေးတယ်၊ ပုံမှန်ရှိပြီးသားဈေးကွက်တစ်ခုကို ထိုးဖောက်ရတာဖြစ်တဲ့အတွက် ကိုယ့်ဈေးကွက်ကို ကိုယ်တိုင်ဖန်တီးပြီး ထိုးဖောက်ရတယ်လို့ ဈေးကွက်ထိုးဖောက်မှုနဲ့ ပတ်သက်ပြီး ရှင်းပြပါတယ်။

အော်ဂဲနစ်လုပ်ငန်း လုပ်ကိုင်သူတွေအနေနဲ့ လုပ်ငန်းကြီးတွေရဲ့ လွှမ်းမိုးမှုကိုလည်းခံရပြီး ပုံစံတူတွေ တုပမှုကိုလည်း ခံရတယ်လို့ သိရပါတယ်။ တစ်နိုင်တစ်ပိုင် အော်ဂဲနစ် စိုက်ပျိုးရောင်းချသူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း အခက်အခဲတွေ့ကြုံရပြီး ထပ်မံရင်းနှီးနိုင်တဲ့ ငွေကြေးမရှိတာကလည်း စိန်ခေါ်မှုတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ အော်ဂဲနစ်ထွက်ကုန်တွေက ဈေးကွက်ကျယ်ပြန့်ဖို့ ထုတ်ကုန်တွေကို အမြဲတမ်းရောင်းချနိုင်မယ့် နေရာမျိုးတွေ၊ စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်တွေလိုအပ်ပြီး ပညာပေးမှုတွေ ဆောင်ရွက်ပေးဖို့လိုတယ်လို့သိရပါတယ်။ မြန်မာနိုင်ငံအော်ဂဲနစ်စိုက်ပျိုး ထုတ်လုပ်သူများ အသင်းအနေနဲ့ စုပေါင်းပါဝင်အကဲဖြတ်ပြီး အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းစနစ် (PGS Participatory Guarantee System)က စိုက်ပျိုးသူ၊ စားသုံးသူ၊ ရောင်းချသူတွေအားလုံးပါဝင်အကဲဖြတ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဖြစ်ပြီး အဓိကအားဖြင့် အော်ဂဲနစ်စနစ်နဲ့စိုက်ပျိုးနေတဲ့ လုပ်ကွက်ငယ် တောင်သူတွေအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် အသိအမှတ်ပြုလက်မှတ်ရရှိစေရန် ရည်မှန်းနိုင်တဲ့စနစ် တစ်ခုဖြစ်တယ်လို့သိရပါတယ်။ Third Party Certification အော်ဂဲနစ်ထုတ်ကုန်ပစ္စည်းစစ်မှန်ပါကြောင်း တတိယအဖွဲ့အစည်းမှ အာမခံပေးတဲ့ အသိအမှတ်ပြုလက်မှတ်ကျတော့ နိုင်ငံတကာရဲ့ စံချိန်စံညွှန်းတွေကိုမှီထားပြီး မြန်မာနဲ့ ကိုက်ညီအောင် ချမှတ်ထားတဲ့ အသင်းရဲ့ မူပိုင်စံညွှန်း ရှိပါတယ်။

မြန်မာနိုင်ငံအတွက် ချမှတ်ထားတဲ့ အော်ဂဲနစ်စံညွှန်း စာအုပ်အထူကို အတိုချုပ်ထားတဲ့စံညွှန်းကို ခြံတွေကနေ လိုက်နာသွားရတာဖြစ်ပါတယ်။ သည်လက်မှတ်မှာက ကုန်ကျစရိတ်တွေ ရှိပါတယ်။ ပညာရှင်တွေရဲ့ အကြံပေးစရိတ်တွေ ရှိတာကြောင့် ငွေကြေးအတန်ငယ် ကုန်ကျတယ်လို့သိရပါတယ်။ လုပ်ကွက်ငယ်တောင်သူလယ်သမားတွေဟာ သည်လိုအသိ

အမှတ်ပြုလက်မှတ်အတွက် ကုန်ကျစရိတ်တွေကို မသုံးနိုင်တာကြောင့် သည်ပီဂျီအက်စ်စနစ်ဟာလုပ်ကွက်ငယ်၏တောင်သူတွေအတွက် စီမံပေးထားတဲ့ နိုင်ငံတကာရဲ့ ဒီဇိုင်းတစ်ခုဖြစ်တယ်လို့ သိရပါတယ်။ အော်ဂဲနစ်စနစ်တွေအပြင် စစ်ဆေးတဲ့နည်းတွေကိုပါ သင်ကြားပေးပြီး ပီဂျီအက်စ်စနစ် လက်မှတ်ထုတ်ပေးတာပါ။ တောင်သူအချင်းချင်း ပြန်စစ်ဆေးပြီး အဆင်ပြေတဲ့စိုက်ခင်းကို ပြန်လည်စစ်ဆေးပေးတာမျိုးဖြစ်ပါတယ်။ လုပ်ကွက်ငယ်တောင်သူတွေဘက်က သင်တန်းတွေတက်ပြီး အဆက်မပြတ် သင်ယူလေ့လာမှုတွေမှာ စီးမြောနေရပါမယ်။ အချင်းချင်း အစည်းအဝေးတွေ လုပ်ရတယ်။ တစ်ခြံကနေတစ်ခြံကို ထိန်းကျောင်းမှုတွေ လုပ်ပေးရပါတယ်။ တစ်ခြံရဲ့အရည်အသွေးကို တစ်ခြံက ထိန်းသိမ်းပေးရပါတယ်။ အချင်းချင်း စည်းကမ်းထိန်းသွားရပါတယ်လို့ မြန်မာနိုင်ငံ အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ တာဝန်ရှိသူတစ်ဦးက ရှင်းပြပြောဆိုပါတယ်။

ပီဂျီအက်စ်စနစ်ဖြင့် အော်ဂဲနစ် စိုက်ပျိုးရေးလုပ်ကိုင်မှုများကို အာရှဖွံ့ဖြိုးရေးဘဏ်၏ မဲခေါင်မြစ်ဝှမ်း ခြောက်နိုင်ငံအတွက်စီမံကိန်း TA 8163 Ar Core Agriculture Sup–port Program ခေါင်းစဉ်အောက်တွင် အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ပြီး အာဆီယံမဲခေါင်ဒေသ ခြောက်နိုင်ငံဖြစ်တဲ့ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့မှာ စတင်ကျင့်သုံးဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် ထုတ်ကုန်တွေကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရောင်းချပေးတာ ဖြစ်ပြီး သစ်တောလမ်း၊ အလုံမြို့နယ်မှာလည်း အော်ဂဲနစ်စိုက်ပျိုးသူများ၊ ထုတ်ကုန်ထုတ်လုပ်သူများနှင့် စိတ်ပါဝင် စားသူများ စုစည်း၍ Safe Products Myanmar(Saturday Market) ကို စုပေါင်းဖွင့်လှစ်ခဲ့ပါတယ်။ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်နဲ့ ထုတ်ကုန်သီးသန့်အရောင်းဆိုင်တွေကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်တွေမှာဖွင့်လှစ်ပြီးပါက တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် မြို့နယ်များတွေမှာလည်း ဖွင့်လှစ်နိုင်အောင် စီစဉ်နေတယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-33750

## အသစ်ဝင်လာသည့် နှမ်းဖြူဈေးကောင်းရ



မန္တလေးနှမ်းဈေးကွက်သို့ ဝင်ရောက်လာသော နှမ်းဖြူအသစ်များမှာ ဝယ်လိုအားကောင်း၍ ဈေးကောင်းရနေပြီး ယခင်နှစ်ထက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်ငါးသောင်းကျော်ဈေးပိုရနေကြောင်း မန္တလေးနှမ်းကုန်သည်များထံမှသိရသည်။ ယခင်နှစ် မေလ ၂၆ ရက်က နှမ်းဖြူအသစ်(အဆင့်-၁) သုံးတင်းဝင်တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်မှ ၁၃၀၀၀၀ ကျပ်သာ ပေါက်ဈေးရှိခဲ့ပြီး ယခုနှစ် မေလ ၂၃ရက်တွင် နှမ်းဖြူသစ်သည် ၁၇၇၀၀၀ ကျပ်မှ ၁၈၂၀၀၀ ကျပ်ကြား ဈေးပေါက်နေကြောင်းသိရသည်။ လက်ရှိတွင် ဈေးကွက်အတွင်း နှမ်းအဟောင်းများ ပစ္စည်းလက်ကျန် နည်းပါးနေသောကြောင့် အသစ်ဝင်နှမ်းများ ဝယ်လိုအားကောင်းကာ ဈေးကောင်းနေခြင်းဖြစ်သည်ဟု နှမ်းကုန်သည်တစ်ဦးကပြောသည်။ ဒီဈေးက ငြိမ်နေဦးမယ်။ လောလောဆယ်ဈေးမကျနိုင်ပါဘူး။ နောက်လာမယ့် ဇူလိုင်လပိုင်းမှာ ဒေသအစုံကဝင်တဲ့အချိန်တော့ ဝယ်လိုအားကို စောင့်ကြည့်ရမယ်ဟု ၎င်းကပြောသည်။

ယခုနှစ်တွင် နှမ်းစတင်ကြဲပြီးချိန်မှစကာ မိုးရွာသွန်းမှုမရှိသဖြင့် နှမ်းပင်များ ပျက်စီးမှုရှိလာခြင်းကြောင့် ရေသွင်း၊ ရေဖြန်း စိုက်ပျိုးရသဖြင့် စိုက်ပျိုးစရိတ်ပိုလာကြောင်း ဇွန်လဆန်းတွင် နှမ်းဖြူသစ်များလှိုင်လှိုင်ထွက်ရှိလာမည်ဖြစ်ကြောင်း မတ္တရာမြို့နယ်မှ နှမ်းစိုက်တောင်သူ ဦးမြင့်လွင်ကပြောသည်။ မနှစ်ကလည်းနှမ်းကမိုးကြောင့် တော်တော်ပျက်စီးခဲ့တယ်။ ဒီနှစ်လည်း နှမ်းကြဲပြီးကတည်းကနောက် မိုးမလိုက်လာလို့အပင်တွေ သေမလိုဖြစ်လို့ ရေသွင်း၊ ရေဖြန်းပြီး မနည်းပြုစုထားရတယ်။ မနှစ်ကတော့ တစ်ဧက ၁၀ တင်း နှုန်းထွက်ပေမယ့် ဒီနှစ်တော့ ပိုထွက်နိုင်တယ်။ ရေသွင်းရေတင်လုပ်ရလို့ စရိတ်ပိုပေမယ့် နှမ်းဈေးကောင်းနေတော့ နှမ်းတောင်သူတွေ အမောပြေတာပေါ့ ၎င်းကပြောသည်။

**Source : The Farmer Journal**

## လက်ရှိဘဏ္ဍာနှစ်အတွင်း ရေထွက်ကုန်ပစ္စည်းများမှ ကန်ဒေါ်လာ ၄၃၂ ဒသမ၇၇၃ သန်းခန့်ရရှိထား

လက်ရှိဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ) အထိ ပြည်ပပို့ကုန်မှ ရရှိသည့် အမေရိကန်ဒေါ်လာ ၈၃၀၆ ဒသမ၂၂

သန်းတွင် ရေထွက်ကုန်ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၄၃၂ဒသမ၇၇၃ သန်းခန့်ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသတင်းရရှိသည်။ ယင်းအပြင် အခြား ပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၀၈ ဒသမ ၈၂၉ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၇၅ဒသမ၃၉၁ သန်း၊ ရေထွက်ကုန်ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၇၇၃ သန်း၊ သစ်တောထွက်ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၉၀ ဒသမ၇၇၉ သန်း၊ စက်မှုကုန်ချောထုတ် ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၄၆၄၀ ဒသမ ၁၃၀ သန်းနှင့် အခြားထွက် ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆၀၉ဒသမ၄၅၂ သန်းခန့် ရရှိထားသည်။

သွင်းကုန်ပစ္စည်းများမှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံးအတွက် အမေရိကန်ဒေါ်လာ၂၉၅၃ဒသမ၂၆၄ သန်း၊ လုပ်ငန်းသုံး ကုန်ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၃၆၈၆ ဒသမ ၈၅၇ သန်း၊ လူသုံးကုန်ပစ္စည်းများအတွက် အမေရကန်ဒေါ်လာ ၂၃၂၅ ဒသမ ၅၃၆ သန်းခန့်ရရှိထားသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဌ ဒေါက်တာတိုးနန္ဒာတင်က ရေထွက်ကုန်တွေ ဥရောပနဲ့တစ်ခြားနိုင်ငံတွေ တင်ပို့နေတာဟာ သဘာဝကနေရရှိလာတဲ့ ငါးတွေကိုတင်ပို့ခွင့်ရရှိထား တယ်။ ဥရောပ ရေငန်ငါးစားသုံးမှုများပြားတဲ့အတွက် ပြည်တွင်းမှာရေငန်းငါးမွေးမြူပြီး ပိုမိုတင်ပို့နိုင်မယ်ဆိုရင် စျေးကွက် အားကောင်းလာမှာဖြစ်တယ်ဟုပြောသည်။

လက်ရှိတွင် ပြည်ပသို့ ရေထွက်ကုန်တင်ပို့နေသည့် စက်ရုံပေါင်း ၁၂၃ ရုံခန့်ရှိရာ၊ ထိုထဲမှ ဥရောပသို့တင်ပို့နေသည့် စက်ရုံ ၂၃ ရုံရှိပြီး အဆိုပါစက်ရုံများထဲမှ ၁၅ ရုံမှာ သဘာဝငါးများကို တင်ပို့လျက်ရှိကြောင်း၊ သဘာဝမှရရှိရေးငါးများကို ဥရောပ ၁၀ နိုင်ငံသို့တင်ပို့နေပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်က တန်ချိန် ၁၀,၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော် ရရှိခဲ့သည့်အပြင် ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးခေါင်းပွဲ၊ ရွှေဝါငါးကြင်း၊ ငါးတန်၊ ငါးခုံးမကြီး၊ တီလားပီးယား၊ ပုစွန်ကြား၊ ပုစွန်ဖြူနှင့်ဂဏန်းတို့ကိုတင်ပို့လျက်ရှိသည်။

**Source :** http://www.amiamyanmar.com/detail.aspx?id=8084

## STOCK EXCHANGE (6.6.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 427 | 4,949,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 1,624 | 5,259,000 | 38,929,150 | 126,520 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 54 | 426,600 | 10,400,986 | 82,168 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,500 | 23,500 | 23,500 | 3 | 70,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 49 | 147,000 | 12,212,906 | 36,639 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 460.56 | +11.28 | +2.51% | 448.30 | 460.56 | 448.30 | 2,157 | 10,852,100 | 5 | 628,773 |


### Index chart




## Market Overview

As of 1:00 pm, 6th Jun. 2019

| MYANPIX | 460.56 ▲ 11.28 |
|---|---|
| Total Volume (shares) | 2,157 |
| Total Value (MMK) | 11 mil |
| Listed Company | 5 |
| Market Cap. (MMK) | 628,773 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 50 |

TIR